A FATE FOR THE MOURNFUL LIFE

# လွမ်းရမယ့် ကံ

လုံးချင်းဝတ္ထုသစ်

## ဟိန်းဆက်သွင်



# အာမခံ စာသဝဏ်

ဆရာဇော်ဂျီ၏ ရသစာပေအဖွင့်၊ ရသစာနိဒါန်း... ဟူသော၊ ရသစာပေဆိုင်ရာ၊ သဘောတရားများကို ရှင်းပြဖွင့်ဆိုထားသည့် စာအုပ်မျိုးလောက်တော့ မြန်မာစာပေကို လေ့လာလိုက်စား၊ မြတ်နိုးရေးသားမည့် သူတိုင်း၊ ဖတ်မှတ်ဖြစ်ကြလိမ့်မည်ဟု ကျွန်တော် ယူဆပါသည် ။

ရသစာပေ၏ သဘော သဘာဝ တန်ဖိုးတို့ ကို ကျွန်တော်တို့ ဂါရဝထားရပါသော ဆရာကြီးများ ထက် ပိုမိုပေါ်လွင်အောင် ဖွင့်ဆိုနိုင်စွမ်းမျိုး ကျွန်တော့်တွင် စဉ်းငယ်မျှ မရှိ။

ဖွင့်ဆို ရှင်းပြဖို့ လိုအပ်ခဲ့သော ကိုယ်ဉာဏ်မီသလောက် တစ်ခွန်းတစ်ပါဒမျှကိုပင် မဝံ့မရဲ ဖွင့်ဆိုအပ်လှပေသည် ။ ငါ... သိ၊ ငါ... တတ် ဟူသည့် စိတ်သည် ဂါရဝကင်းမဲ့ရာ စိတ်ဟု ကျွန်တော် နားလည်နာယူထားဖြစ်၏။

ထို့ကြောင့် ရသစာပေ ဟူသည် ကား နှလုံးသားကို ထုံမွှမ်းသော စာပေ၊ သုတစာပေဟူသည် ကား ဦးနှောက်ကို ဖွံ့ဖြိုးစေသော စာပေဟုသာ ကျွန်တော် ဆိုတတ်ချင်ပါသည် ။

ဗဟု သုတတွေ တောင်လိုပုံနေပါလျက် နှလုံးသားသည် ထုံမွှမ်းမှု မရှိသော ယန္တရားပမာ ဖြစ်နေပါက ကြမ်းကြုတ်သူသာ ဖြစ်နေပေရော့မည်။

နှလုံးသား ထုံမွှမ်းမှု ပြည့်ဝပြန်ပါလျက် သုတအရာ နည်းပါးနေမည်ဆိုလျှင်လည်း 'သိကား သိ၏ ... မတတ်' ဆိုသကဲ့သို့ ဉာဏ်ပညာအရာ၌ သူတစ်ထူးထက် နိမ့်ပါးနေလေတော့၏။

ထိုအခါ...

ကျွန်တော် အပါအဝင် ဘဝရှင်သန် တိုးတက်လိုသူတိုင်းသည် ရသစာပေကိုရော သုတစာပေတို့ ကိုပါ လေ့လာလိုက်စားသင့်ပါကြောင်း ခံယူကျင့်သုံးခဲ့ကြ၏။

***

ရသစာပေသည် နှလုံးသား၏ အာဟာရ၊ သုတစာပေသည် ဦးနှောက်၏ အာဟာရဟု အကြမ်းဖျင်း သတ်မှတ်ခံယူထားလျက်က နှလုံးသားက ပို၍ အရေးပါသည် ။ ဦးနှောက်က ပို၍ အရာရောက်သည် ဟု ငြင်းခုံနေစရာ အကြောင်းမရှိ။ (စာပေအရာတွင် သာ ဆိုလိုသည် ။)

မျက်လုံး နှစ်လုံးပါသော သတ္တဝါတိုင်း၏ မျက်လုံးနှစ်လုံးစလုံးသည် အရေးပါသကဲ့သို့ ရသနှင့် သုတကို ထိုမျက်လုံး နှစ်လုံးပမာ ယူဆ၊ မြတ်နိုး၊ စွဲကိုင်ဆောင်ယူထားကြရပေမည်။

ဦးနှောက်အလွန်ကောင်းသော ဘီလူးကြီးတစ်ကောင်၏ နှလုံးသားတရား ကင်းမဲ့လေသော် လောက၊ ဒေသပျက်ဖို့ သာ ရှိ၏။ နှလုံးသားအလွန်နူးညံ့သော သိုးဖြူလေးတစ်ကောင် ဉာဏ်ပညာ ဗဟု သုတ အမှောင်ကျနေပါက ထိုနေရာ၊ ထိုဒေသ၊ သူတစ်ပါး နှိပ်စက်ရာအောက် ပြားပြားမှောက်ဖို့ သာ ရှိချေ၏။

***

ဗဟု သုတများ ၊ မြားမြောင်၊ ထွန်းကားလိုက်စားနေကြပါလျက် နှ

လုံးသား အာဟာရ-ခံစားမှု…ရသကို မငဲ့မစောင်း လှည့်ကြည့်ရကောင်းမှန်း မသိကြတော့လျှင် ထိုဗဟု သုတများ မြောင်၊ ထွန်းကား၊ လိုက်စားနေကြသူများ အားလုံး တကယ့် ဗဟု သုတ မပြည့်စုံသေးသူများ ဟု သာ သုံးသပ်ရပေတော့မည်။

အသိ အတတ်တွေ ပြိုင်ဆိုင်ချင်ဇောများ အကြား၌ စာနာတရားတို့ နစ်မြုပ်နေတတ်သည် ။

***

သုတစာပေတွေ၊ တဝေါဝေါ စီးဆင်းနေမှုအကြား၌ ရသစာပေ ဖန်တီးသူတို့ ၏ လှေငယ်လေးများ မှုန်ဝါးဝါး ရွှေ့လျားလျက် လှော်ခတ်နေကြပေသည် ။

အနာဂတ်ကို ရည်မျှော် လှော်ခတ်နေသူတိုင်းအား အနာဂတ်ကို ပွင့်လင်းစေလိုသူတိုင်းက ကြိုဆိုအားဆက်ကြရမည်။ လက်ကမ်းအားပေးကြရမည်။

တဝုန်းဝုန်း၊ တအုန်းအုန်း ရိုက်ခတ်နေသော လှိုင်းလုံးများ အကြား မပီဝိုးတဝါး သေးငယ်သော ခွန်အားဖြင့် လှော်ခတ်နေကြရသည့် တိုင် အလှော်အခတ် မပျက် ဖွဲလက်နက်တို့ ၏ အောက်၌ ထိုဝုန်းဒိုင်း လှိုင်းသံများ တစ်ချိန်ချိန်မှာ ငြိမ်သက်သွားတတ်ကြပေသည် ။

လှိုင်း၊ လေ ငြိမ်သက်သောအခါ၌ မည်သူကြာကြာ ရေစိမ်ခံမည် ဆိုသည် ကို ပရိသတ် လူထုက ဆုံးဖြတ်နိုင်ကြ၏။ ထိုအဆုံးအဖြတ်အောက်၌ အမှန်တကယ် မြတ်နိုး၊ ရိုးသား၊ ကြိုးစားခဲ့ကြသူတိုင်း ဘယ်တော့မှ ပြားပြားမှောက် ကျဆုံးလေ့မရှိကြောင်း၊ အမှန်တရား အားကိုးဖြင့် ရဲဝံ့စွာ ကျွန်တော် အာမခံပါသည် ။

လေးစား ခင်မင်လျက်...

မောင်လှမျိုး (ချင်းချောင်းခြံ)

2014-Nov-14

11:15 (am)

*

## ဤစာအုပ်နှင့် ပတ်သက်၍

အမှန်တော့ ကျွန်တော်ဟာ ဝတ္ထုတိုထက် လုံးချင်းဝတ္ထုရှည် ရေးရသည် ကို ပို၍ အားသန်သူ ဖြစ်သည် ။ စာရေးဆရာရူး စတင်ရူးခဲ့သည့် (၉) တန်း ကျောင်းသား ဘဝအရွယ်၊ စာစရေးဖြစ်သည့် အခါသမယ၊ ဝတ္ထု ရေးချင်စိတ်များ ထိန်းမနိုင် သိမ်းမရ ဖြစ်ခဲ့သည့် ထိုကာလမှာ ပထမဦးဆုံး စရေးလိုက်မိသည် က ဗလာစာအုပ် (၅) အုပ်ခန့် ထူသော လုံးချင်းဝတ္ထုတစ်ပုဒ် ဖြစ်သည် ။ ယခုအခါ ထိုဝတ္ထုကို ပြန်ဖတ်ကြည့်တော့ ကိုယ့်ဘာသာကိုယ်ပင် နားမလည်၊ ဘာတွေ ရေးထားခဲ့မှန်း မသိ။ စာရေးချင်စိတ်သာ ရှိပြီး အရေးမတတ်သေးသည့် ကလေးတစ်ယောက်၏ စိတ်ထဲရှိရာ ချရေးထားသော ကျိုးကြောင်း ဆက်စပ်မှုမဲ့ ဝါကျများ ။ သို့သော် ထိုစာများ သည် ပင် ကျွန်တော် တည်ဆောက်နေသည့် ကျွန်တော့်ဘဝစာပေအဆောက်အအုံ၏ အခြေခံအုတ်မြစ် ဖြစ်လာခဲ့သည် ထင်၏။ ဆိုရလျှင် ကျွန်တော်သည် လုံးချင်းဝတ္ထုကို ဝတ္ထုတိုထက် ပို၍ ရေးချင်သူ၊ အားသန်သူ ဖြစ်ပါသည် ။ ဝတ္ထုတိုကို ရေးဖြစ်သည် ဆိုသည့် တိုင် နည်းလှသည် ။ တစ်ခါတစ်ရံ... ဝတ္ထုတိုရေးမှ ဖြစ်မည့် ဇာတ်လမ်းမျိုး၊ အကြောင်းအရာမျိုး၊ ပေးချင်သည့် Message တစ်စုံတစ်ရာမျိုးကို တွေးမိမှ သာ ဝတ္ထုတို အနည်းအကျဉ်း ရေးဖြစ်ခဲ့သည် ။

***

စာပေနယ်ထဲသို့ လက်တွေ့ ဝင်ရောက်လာသောအခါ၌ မူ ရေးသား

ထားသည့် လုံးချင်းဝတ္ထုများအား ထုတ်ဝေရန်မှာ ကျွန်တော့်အဖို့ အခက်အခဲများ စွာ ရှိခဲ့၏။ ကြုံခဲ့၏။ အိပ်မယ်နှယ် ဖြစ်ခဲ့ရသည့် နှစ်၊ လများ ရှည်ခဲ့၏။ ထိုကာလများ တွင် မိမိဖန်တီးထားသော စာပေလက်ရာများအား စာဖတ်သူများ ထံ အမြန်ဆုံး ပို့ပေးနိုင်ရန် လိုလိမ့်မည်ဟု ကျွန်တော် တွေးသည် ။ ထို့ကြောင့် မဂ္ဂဇင်း၊ ဂျာနယ် စာမျက်နှာများ တွင် အချိန်တိုအတွင်း ပုံနှိပ်ဖော်ပြပေးနိုင်မည့် ဝတ္ထုတိုများကိုလည်း ပြန်လှည့်ရေးရသည် ။ သည့် နှယ် ဝတ္ထုတိုများ ရေးပြီး ကလောင်နာမည်ကို တည်ဆောက်ရသည် ။ မွေးမြူခဲ့ရသည် ။

***

ဤမျှ စကားချီလာရသည် မှာ အကြောင်းရှိ၏။ ရှိပါ၏။ ဤ 'လွမ်းရမယ့်ကံ' လုံးချင်းဝတ္ထု၏ ဇာတ်ကျောရိုးကို ကျွန်တော် စိတ်ကူးရခဲ့သည်မှာ အတော်လေး ကြာခဲ့ပါပြီ။ လုံးချင်းဝတ္ထုအဖြစ် အသက်သွင်းရန် ကြံစည်မိခဲ့သော်လည်း ထိုကာလများက ကျွန်တော်သည် လုံးချင်းရေးရန်ပင် စိတ်ပျက်နေမိသည့် အချိန်၊ အားလျော့နေမိသည့် ရက်စွဲများ ဖြစ်ခဲ့သော်လည်း ရေးမည် ရေးမည်နှင့် မရေးဖြစ်ခဲ့။ သို့သော် သည် ဇာတ်လမ်းကို မရေးဘဲ ပစ်ထားလျှင် မေ့ပျောက်သွားမည်စိုး၍ ဝတ္ထုတိုလေးတစ်ပုဒ်အဖြစ် ချရေးထားခဲ့ဖူးသည် ။ (၂၀၁၃) ခုနှစ်၊ စက်တင်ဘာလ (၂၃) ရက်နေ့ထုတ်၊ အချစ်ဂျာနယ်၊ အတွဲ (၈)၊ အမှတ် ၂၇ ၌ သည် ဝတ္ထုတိုလေးကို 'ပင့်သက်ခါးခါး' အမည်ဖြင့် ပုံနှိပ်ဖော်ပြခဲ့သည် ။ 'ပင့်သက်ခါးခါး' ကို ပြန်ဖတ်မိတိုင်း ကျွန်တော် အားမရ။ သည် ဇာတ်လမ်း၊ သည် ဇာတ်အိမ်အား အကျယ်ချဲ့၍ ဇာတ်ကောင်များ ၊ အကြောင်းအရာများ ထပ်ဖြည့်ကာ လုံးချင်းဝတ္ထုအဖြစ် တစ်နေ့နေ့ ထပ်ဖန်တီးမည်ဟု တေးထား၊ တွေးထားခဲ့သည် ။ သို့သော် လအတန်ကြာသည့် တိုင် ရေးမရခဲ့။ သည်တော့ မရေးဖြစ်ခဲ့။ (၂၀၁၄) နှစ်ဦးပိုင်းလောက် ရောက်တော့ လုံးချင်း

ရေးချင်စိတ် ဖြစ်လာပြန်သည် ။ ထိုအခါ တစ်ခါက ရေးခဲ့ဖူးသည့် 'ပင့်သက်ခါးခါး' အမည်ရှိ ဝတ္ထုတိုလေးကို ပြန်လည်ရင်ခုန်ခံစားလျက် 'လွမ်းရမယ့်ကံ' လုံးချင်းဝတ္ထုကို စတင်ရေးဖြစ်တော့သည် ။ စရေးသည့် ရက်မှ စ၍ တစ်ပုဒ်လုံးအဆုံးတိုင် အပြီးသတ်ချိန်အထိ ပြန်ရေတွက်လျှင် အနည်းဆုံး အချိန် (၈) လခန့် ကြာသွားသည် ။ အမှန်တော့ တစ်မျက်နှာ နှစ်မျက်နှာလောက် ရေးလိုက်၊ တစ်လလောက် ပစ်ထားလိုက် လုပ်နေ၍ ဖြစ်သည် ။ ကျွန်တော် စာရေးဖို့ ပျင်းနေ၍ ဖြစ်သည် ။ တကယ်တမ်း အစအဆုံး ရေးခဲ့သည့် ရက်ကို ရေတွက်ကြည့်လျှင်တော့ ရက် (၅၀) ခန့်ပင် ရှိလိမ့်မည် မထင်။ ပျင်းရိတတ်သော ထိုအကျင့်ကို ကျွန်တော် ပြင်ရပေဦးမည်။

***

နောက်ဆုံးအနေဖြင့် တစ်ခု ပြောလိုပါသည် ။ ဤဝတ္ထုမှာ ပါဝင်သော အဓိကဇာတ်ကောင်များ ဖြစ်သည့် 'လွမ်းနောင်' သည် လည်းကောင်း၊ 'ရွှေအိမ်စိုးစံ' သည် လည်းကောင်း၊ 'စံပယ်နီ' သည် လည်းကောင်း ကျွန်တော်၏ စိတ်ကူးဖန်တီးမှု ဇာတ်ကောင်များ သာ ဖြစ်ပါကြောင်းနှင့် အထူးအားဖြင့် 'လွမ်းနောင်' သည် ကျွန်တော် မဟုတ်သလို အဓိကအားဖြင့် 'ရွှေအိမ်စိုးစံ' သည် လည်း ယနေ့ မြန်မာရုပ်ရှင်နှင့် ဗီဒီယိုလောကရှိ မည်သည့် သရုပ်ဆောင် မင်းသမီးကိုမှ ရည်ရွယ်၊ ခံစား၊ ဆင့်ပွား၊ ဖန်တီးထားသည့် ဇာတ်ကောင်တစ်ဦး မဟုတ်ဘဲ ကျွန်တော့်စိတ်ကူးအတွေးမှ မွေးဖွားပေါ်ပေါက်လာသည့် စိတ်ကူးယဉ်ဇာတ်ကောင်တစ်ဦးသာ ဖြစ်ပါကြောင်း ရိုသေလေးစားစွာဖြင့် ဝန်ခံအပ်ပါသတည်း။

**မေတ္တာဖြင့်....**

ဟိန်းဆက်သွင်

14-10-14 (Tue) 04:00 (am)

*

ကြယ်စင်ကို ချစ်တဲ့

လမ်းဘေးမြက်ရယ်

တော်ကြာ.. . မင့်အိပ်မက်တွေ

ပန်းအဖြစ်နဲ့ ပွင့်လာကြလိမ့်မယ်။

**ရာဘင်ဒြာနသ့်သဂိုး**(Rabindranath Tagore)

နိဒါန်း

## (၁-၁) ဤဘဝဝယ်

သတ္တဝါတို့ သည် ခန္ဓာ၊ အာယတန ဓာတ်တရားတို့ ၏ အစဉ်မပြတ် ဖြစ်၍ ပျက်၍ ရပ်နားခြင်း မရှိသော သံသရာခရီးရှည်ကြီးကို ကျင်လည် သွားလာနေကြရာ၌ ကံတရားကိုသာလျှင် ကိုယ်ပိုင်ဥစ္စာအဖြစ် သယ် ဆောင်သွားခွင့် ရရှိကြသည် လေ။

အချို့ ကျိုကျိုတက် ချမ်းသာ၏။ အချို့ ကုန်းကောက်စရာ မရှိအောင် ဆင်းရဲ၏။

အချို့ ကြည့်ရှု၍ မဝနိုင်အောင် လှ၏။ အချို့ အကျည်းတန် အရုပ်ဆိုး ၏။

အချို့ ဉာဏ်ကောင်းကြ၏။ အချို့ ဉာဏ်နည်းကြ၏။

အချို့ အသက်ရှည်ကြ၏။ အချို့ အသက်တိုကြ၏။

စသည် စသည် ဖြင့် လူချင်း တူပါလျက် ဖြစ်ရာ ဘဝအခြေအနေ ကွာခြားရခြင်းသည် 'ဘယ်သူမပြု မိမိမှု' ဟူသော စကားနှင့် အညီ ရှေးက ပြုခဲ့ဖူးသော ကံအားလျော်စွာ ကောင်းကျိုး၊ ဆိုးကျိုးတို့ ကို တစ်ဖန်ပြန်လည်၍ ခံစား၊ စံစားရခြင်း ဖြစ်ကြောင်း၊ သုဘလုလင် မေးလျှောက်သည့် ပြဿနာ တစ်ဆယ့်လေးချက်အား ဘုရားရှင် ပြန်လည်ဖြေကြား မိန့်တော်မူခဲ့သည် တွင် ဖတ်၊ မှတ်၊ နာယူခဲ့ဖူးသည် ။

သံသရာခရီးဝယ် ကျင်လည်နေကြရသည့် သတ္တဝါတိုင်းသည် မိမိကံကို မိမိကိုယ်တိုင်ပင် ဖန်တီးယူခဲ့ကြသည် ချည်း မဟုတ်ပါလော။

"သဗ္ဗေ သတ္တာ ကမ္မသကာ" တဲ့ ။ ခပ်သိမ်းသော သတ္တဝါတိုင်းသည် ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြကုန်သတတ်။

မိမိကံတရားကို အခြားလူများက ဖန်တီးပေးသည် မဟုတ်… မဟုတ်ပါ။ မည်သည့် ဘုရား၊ မည်သည့် နတ်ဗြဟ္မာ၊ မည်သည့် ပညာရှင်၊ မည်သည့် တန်ခိုးရှင်ကမှ ဝင်ရောက် ဖန်တီးခြယ်လှယ်နေကြခြင်း မဟုတ်ဘဲ မိမိကံကို မိမိကိုယ်တိုင်က ဖန်တီးခဲ့ကြခြင်းသာ ဖြစ်သည် ။ ကာယကံ၊ ဝစီကံ၊ မနောကံတည်း ဟူသော ကံသုံးပါးကို နေ့စဉ်မပြတ် ဖန်တီးကြခြင်း ဘယ်သောအခါများမှ ဆုံးနိုင်မည် မသိရသော သံသရာခရီးရှည်ကြီးကို သွားနေကြရာတွင် ပြုလုပ်ခဲ့သည့် ကောင်းမှု၊ မကောင်းမှုများ စွာတို့ ကို အကျိုးပေးချိန် ရောက်သောအခါဝယ် ပြန်လည်လက်သင့်ခံကြရသည် ပဲ။

သြော်… ငြင်းဆန်ခွင့် မရှိ၊ ရှောင်လွှဲတိမ်းဖယ်ခွင့် မရ။

ဤသို့သော ကံတရား၏ အကျိုးပေးမှုများ ဖြင့်ပင် ကျွန်တော်သည်လည်း ဇမ္ဗူဒီပါ လက်ျာတောင်ကျွန်း၌ လူယောက်ျားတစ်ဦးအဖြစ် တစ်ကြိမ် တစ်ဖန် ဖြစ်လာခဲ့ရပြန်ရာ ဤဘဝမှာ ဖြင့်…

ရှေးအတိတ်ဘဝတစ်ခုခုက ပြုခဲ့ဖူးသော အဆိုးကံတစ်ခုသည် အကျိုးပေးချိန် တန်လာခဲ့ပြီထင့်။

အသည်းနှလုံး မြေရိုင်း၌ သံယောဇဉ်အပင်ကိုသာ ပျိုးခဲ့ပါသော်လည်း ဆိုးရွားရက်စက်သော ဘဝပေးကံက ရင်ကျိုးအောင် ဖန်လာခဲ့လေတော့.....

သြော်... လွမ်းရမည့် ကံ၊ လွမ်းရမည့် ကံ... ဖန် လာလေသော ဤဘဝဝယ်။

*